NGO WORKING GROUP ON WOMEN, PEACE AND SECURITY
A Project of Tides Center
777 United Nations Plaza, New York, New York 10017
(+1) 212.557.7298
www.womenpeacesecurity.org

**CHECK AGAINST DELIVERY**

**နော်ဆဲဆဲ၏ ထုတ်ပြန်ကြေညာချက်**

**ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဖွင့်ဆွေးနွေးပွဲ**

**၁၄ ဇူလိုင် ၂၀၂၃**

ဥက္ကဋ္ဌကြီးနှင့်တကွ ဂုဏ်သရေရှိလူကြီးမင်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများမှ လုပ်ဖော်ကိုင်ဖက်များရှင့် -

ယနေ့ပြုလုပ်ကျင်းပသည့် နှစ်စဉ်ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အချေအတင်ဆွေးနွေးပွဲတွင် မြေပြင်ရှိဖြစ်ပွားနေမှုအခြေအနေများကို ပြောကြားခွင့်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်မနာမည် နော်ဆဲဆဲဖြစ်ပြီး ကျွန်မသည် မတူညီသောလူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုနောက်ခံမှလာသည့် အမျိုးသမီးအဖွဲ့အစည်း ၁၂ ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသော အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) Women’s League of Burma (WLB) ၏ အကြံပေးဘုတ်အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်း ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရကိုဖြုတ်ချခဲ့ပြီး အကြမ်းဖက်စစ်တပ်အာဏာသိမ်းသည့် နှစ်နှစ်တာနောက်ပိုင်း နိုင်ငံတဝှမ်း ပဋိပက္ခများ ပိုမိုဖြစ်ပွားလာနေခဲ့ပါသည်။ အာဏာသိမ်းအကြမ်းဖက်စစ်တပ်သည် ပြည်သူပေါင်း ၂၃,၀၀၀ (နှစ်သောင်းသုံးထောင်) ကျော်ကို ဖမ်းဆီးခဲ့ပါသည်။ ၁.၈ သန်းကျော် ပြည်သူများသည်လည်း စစ်ပွဲဘေးဒဏ်မှ ထွက်ပြေးတိမ်းရှောင်ကြရခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အကြမ်းဖက်စစ်တပ်များအပြင် အကြမ်းဖက်စစ်တပ် အားပေးအားမြှောက်ပြုပေးနေသည့် ဒေါက်တိုင်တပ်များ၏ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများကို ရင်ဆိုင်ကြုံတွေ့နေရမှုများ ပိုမိုများပြားလာနေပါသည်။

ဤသို့အန္တရာယ်များ ပိုမိုများပြားလာနေသည့်ကြားမှ အမျိုးသမီးများသည် စစ်အာဏာရှင်ခုခံတော်လှန်ရာတွင် ရှေ့တန်းမှပါဝင်နေဆဲဖြစ်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ မတူညီသောလူမျိုး၊ ဘာသာ၊ အသက်အရွယ်အပိုင်းအခြားများမှ လာသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများသည် မြန်မာနိုင်ငံတဝှမ်းတွင် ရှေ့တန်းစစ်မျက်နှာပြင်နေရာများတွင် စစ်ပွဲမှထွက်ပြေးတိမ်းရှောင်လာသူများ၊ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန် လွတ်မြောက်လာသူများကို လိုအပ်သည့်ဝန်ဆောင်မှုများ လုပ်ဆောင်ပေးနေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အချက်အလက်

များကို အစီရင်ခံခြင်း၊ ဒီမိုကရေစီရရှိရေး ဆန္ဒထုတ်ဖော်သူများအတွက် ခိုလှုံစရာ၊ လုံခြုံနေရာများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိနေကြပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများသည် စစ်အာဏာရှင်အဆုံးသတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရက်စီပြည်ထောင်စု တည်ဆောက်နိုင်ရေးကို ဘုံရည်မှန်းချက်အောက်တွင် စုစည်းလုပ်ကိုင်ကြသူများ ဖြစ်ပါသည်။ ဤရည်မှန်းချက် အထမြောက်အောင်မြင်နိုင်ရန် ကျွန်ုပ်တို့အနေဖြင့် အာဏာသိမ်းအကြမ်းစစ်တပ်ကို ချေမှုန်းရန်သာမက ဖိုဝါဒကြီးစိုးမှုကိုလည်း စိန်ခေါ်နိုင်ဖို့ရာ လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင်းရှိသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများသည် ကြီးမားသောစိန်ခေါ်မှုများအပါအဝင် မိမိကိုယ်တိုင်အပြင် မိသားစုဝင်များပါ လုံခြုံရေးခြိမ်းခြောက်မှုများ ရင်ဆိုင်နေရပါသည်။ ဥပမာအားဖြင့် အကြမ်းဖက်စစ်အုပ်စုသည် ကျွန်ုပ်တို့အဖွဲ့ဝင်အဖွဲ့အစည်းများ မဟာမိတ်အဖွဲ့အစည်းများ၏ ဝန်ထမ်းများကိုဖမ်းဆီးရန် ဝရမ်းထုတ်ခြင်း၊ စစ်ပွဲမှ ထွက်ပြေးတိမ်းရှောင်နေသူများအတွက်၊ ပဋိပက္ခနှင့်ဆက်နွယ်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် ကူညီဆောင်ရွက်နေမှုများကို အဟန့်အတား ဖြစ်စေပါသည်။ အာဏာသိမ်းအကြမ်းဖက်စစ်တပ်သည် နိုင်ငံတဝှမ်း ထောက်လှမ်းရေးများစေလွှတ် လုပ်ကိုင်နေခြင်းကြောင့် မည်သူ့ကိုယုံကြည်ရမည်ဆိုရာတွင်လည်း အခက်အခဲဖြစ်ရပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများမှာ ပုန်းအောင်းနေကြရသူများရှိသလို ကျွန်မလိုမျိုး အလုပ်တွေဆက်လုပ်နိုင်ဖို့အတွက် မြန်မာနိုင်ငံမှ မဖြစ်မနေစွန့်ခွာခဲ့ရသူတွေလည်း ရှိနေပါသည်။

ပြည်သူလူထုကို တိုက်ခိုက်ရန်အတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စနစ်တကျအသုံးချခြင်းသည် အကြမ်းဖက်စစ်အုပ်စု၏ နည်းဗျူဟာတစ်ခုအနေဖြင့် နှစ်ပေါင်းများစွာ ကျင့်သုံးလုပ်ဆောင်နေပြီး၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည်လည်း အကြမ်းဖက်စစ်တပ်၏ ၂၀၁၇ ခုနှစ် ရိုဟင်ဂျာလူမျိုးတုံးနီးပါး သတ်ဖြတ်မှုမှာ ၎င်းတို့၏ ဝိသေသလက္ခဏာများဖြစ်ပေရာ မြန်မာနိုင်ငံမှ ကောက်ဘဇားမြို့သို့ ထွက်ပြေးခဲ့ရသည့် ရိုဟင်ဂျာအမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် လိင်ပြောင်းအမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုများ ပိုမိုအရှိန်မြင့်လာသည်ကို တွေ့ရှိခဲ့ရမည်ဖြစ်ပါသည်။ အကြမ်းဖက်စစ်တပ်အာဏာသိမ်းချိန်မှစကာ ကျွန်မ၏အဖွဲ့အစည်းသည် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုပေါင်း ၁၀၀ ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ အမှုတစ်ခုတွင် အာဏာသိမ်းစစ်တပ်၏ စစ်သားများသည် ချင်းပြည်နယ် အားလွှီကျေးရွာ၌ ယောကျ်ားဖြစ်သူအား သေနတ်နှင့်ထောက်ထားပြီး သူ၏ဇနီးကို သူ့ရှေ့တွင်ပင် အကြိမ်ကြိမ်မုဒိမ်းပြုကျင့်ခဲ့ပါသည်။ ထိုညနေမှာပင် ပြုကျင့်ခံရသူ၏ယောက်မဖြစ်သူ ကိုယ်ဝန် ၇ လလွယ်ထားသူ အမျိုးသမီးကိုပါ စစ်သားများက မုဒိမ်းပြုကျင့်ခဲ့ကြပါသည်။ အဓမ္မမုဒိမ်းပြုကျင့်ခံရသူများနှင့် ရှင်သန်လွတ်မြောက်လာသူအများအပြားသည် အကြမ်းဖက်စစ်တပ်မှ ထပ်မံအကြမ်းဖက်မည်ကို စိုးရိမ်ကြောင့်ကြမှုကြီးသဖြင့် ၎င်းတို့အား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားခဲ့သည်ကို တိုင်တားခြင်းမရှိကြသည့်အတွက် အမှုပမာဏသည် လက်ရှိမှတ်တမ်းတင်သည့် အရေအတွက်ထက် ပိုမိုများပြားနိုင်သည်ဟု ပြောနိုင်ပါသည်။

ဖမ်းဆီးခံရသော အမျိုးသမီးများနှင့် LGBTIQ များသည်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် ညှဉ်းပန်းနှိပ်စက်မှုများကိုပါ ခံကြရပါသည်။ အကြမ်းဖက်စစ်တပ်အာဏာသိမ်းချိန်မှစပြီး အမျိုးသမီးပေါင်း ၄,၃၀၀ (လေးထောင်သုံးရာ) ကျော် အဖမ်းအဆီးခံခဲ့ရပြီး ၃,၆၀၀ (သုံးထောင်ခြောက်ရာ) ကျော်သည် ဖမ်းဆီးခံထားရဆဲ ဖြစ်ပါ

သည်။ ၎င်းတို့အနက် အမျိုးသမီး ၁၅ ဦးသည် သူတို့၏ ဒီမိုကရေစီအရေးလှုပ်ရှားမှုများကြောင့် စစ်တပ်၏ မတရားသဖြင့် သေဒဏ်ချမှတ်ခြင်းကို ခံထားကြရပါသည်။

လူ့အခွင့်အရေးကာကွယ်စောက်ရှောက်သူ အမျိုးသမီးများမှာ အကြမ်းဖက်စစ်အုပ်စုများအား ဗီဆန်ကန့်ကွက်ကြောင်း ထုတ်ဖော်ရုံသာမက ဖိုဝါဒကြီးစိုးသည့်စနစ်ကို ဗီဆန်နေကြသူများဖြစ်ပေရာ ထိုအမျိုးသမီးများကို အပြစ်ပေးရန် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နည်းဗျူဟာတစ်ခုအနေဖြင့် လုပ်ဆောင်နေပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများမှာ အွန်လိုင်းများအပေါ်၌ အကြမ်းဖက်မှုများအပြင် လက်တွေ့ဘဝတွင်ပါ အကြမ်းဖက်မှုများဖြစ်သည့် ကိုယ်ရေးအချက်အလက်ဖွင့်ချခြင်း၊ မဟုတ်မမှန်စွပ်စွဲမှုခြင်း၊ တရားမဝင်ဖမ်းဆီးခြင်းစသည်များကိုပါ ကြုံတွေ့နေကြရပါသည်။ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာရေးအစုအဖွဲ့များမှ အမျိုးသမီးများ၊ lesbian, bisexual, transgender, intersex အမျိုးသမီးများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသည့် အမျိုးသမီးများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့်ဆက်စပ်နေသူ အမျိုးသမီးများမှန်သမျှ အထက်ဖော်ပြပါ အကြမ်းဖက်မှုများဖြင့် ပစ်မှတ်ထားချိုးဖောက်ခြင်းကို ခံနေကြရပါသည်။ ဤသို့တိုက်ခိုက်မှုများကြောင့် အမျိုးသမီးအများသည် နှုတ်ပိတ်နေထိုင်ခြင်း၊ ထင်သာမြင်သာသည့်လှုပ်ရှားမှုများကို လျှော့ချခြင်း၊ သို့မဟုတ် တက်ကြွစွာလှုပ်ရှားဆောင်ရွက်မှုများ ရပ်တန့်ရန်မှအပ အခြားရွေးစရာမရှိဟု ခံစားကြရပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများကို ကူညီပေးရန်၊ အခြေခံလူ့အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် လူထုလူနေမှုဘဝ ရှုထောင့်မျိုးစုံနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင်သာမက နိုင်ငံတကာအဆင့်အထိ ပါဝင်နိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

ဂုဏ်သရေရှိလူကြီးမင်းများရှင့် - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများအပေါ် ခြိမ်းခြောက်မှုနှင့် တိုက်ခိုက်မှုများသည် မည်သည့်နေရာတွင်ဖြစ်ပေါ်နေပါစေ လက်သင့်ခံနိုင်စရာ မဟုတ်ပါ။ ဤသို့သော လုပ်ရပ်များသည် အမျိုးသမီးများနှင့် အခြားသော စည်းရုံးလှုံ့ဆော်သူများ အထူးသဖြင့် ဖယ်ကျဉ်ခံလူမှုအသိုင်းအဝိုင်းများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ လူ့အခွင့်အရေး၊ ဂျန်ဒါတန်းတူညီမျှရေးတွင် ပါဝင်နိုင်စွမ်းနှင့် ဦးဆောင်နိုင်စွမ်းတို့ကို အဟန့်အတားဖြစ်စေပါသည်။

အမျိုးသမီးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် ဂျဲန်ဒါန်တန်းတူရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အားလုံးအတွက် အကာအကွယ်ပေးရန် လုံခြုံစိတ်ချရသောပတ်ဝန်းကျင်တစ်ရပ်ဖန်တီးရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ လုံခြုံရေးကော်စီမှအဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုလိုက်ပါသည်၊၊ ၎င်းတို့၏လုပ်ငန်းကို လွတ်လပ်စွာဆောင်ရွက်နိုင်ရန်နှင့် ၎င်းတို့အပေါ် ခြိမ်းခြောက်မှုများနှင့် တိုက်ခိုက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်ပါသည်၊၊

သို့သော် မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် တိုက်ခိုက်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ မတူကွဲပြားသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအားလုံး အဆုံးသတ်နိုင်ရေးအတွက် တာဝန်ခံမှုသည် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည်။ ၂၀၂၁ ခုအာဏာသိမ်းမှုသည် ပြည်သူလူထုများကို ပစ်မှတ်ထားပြီးအကြမ်းဖက်ရန် နည်းဗျူဟာအဖြစ် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများကို အသုံးပြုခြင်းအပါအဝင် အကြမ်းဖက်စစ်အုပ်စုများအတွက် ဆယ်စုနှစ်များစွာ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း၏ အကျိုးဆက်

ရလာဒ်တစ်ခု ဖြစ်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ခေတ်အဆက်ဆက်တည်ရှိလာသည့် စစ်အာဏာရှင်သည် ဂျန်ဒါ သို့မဟုတ် လိင်စိတ်ခံယူမှုနှင့် ဂျန်ဒါဝိသေသလက္ခဏာများအပေါ် စနစ်တကျ ခွဲခြားဖိနှိပ်မှုများကို တည်တံ့အောင် ဆက်လက်ပြုလုပ်နေပါသည်။

ဧပြီလ၌ စစ်ကိုင်းတိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူပေါင်း ၁၆၅ ယောက်ထက်မနည်း သေဆုံးခဲ့ခြင်းကြောင့် နာကျဉ်စွာခံစားခဲ့ရသည့်ဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဆက်လက်ရှိနေခြင်းသည် အာဏာသိမ်းအကြမ်းဖက်စစ်တပ်မှ ပြည်သူများအပေါ် အကြမ်းဖက်လုပ်ဆောင်မှုများ ဆက်လက်ကျူးလွန်ရန် ခိုင်မာအားကောင်းလာစေရန်နှင့် တိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်လာအောင် အခွင့်ပြုပေးသလိုဖြစ်နေပေသည်။

လက်ရှိတွင် ပြည်တွင်း၌ တရားမျှတမှုရရှိရန် အလျဉ်းမဖြစ်နိုင်ပါ။ ထို့ကြောင့် ကျယ်ပြန့်ပြီး စနစ်တကျမုဒိမ်းကျင့်မှုများနှင့် အမျိုးသမီးများနှင့် မိန်းခလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်များ ကျူးလွန်မှုအပါအဝင် စစ်ရာဇဝတ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံတကာရာဇဝတ်မှုတရားရုံးသို့ လွှဲပြောင်းပေးရန် လုံခြုံရေးကောင်စီအား တိုက်တွန်းလိုက်ပါသည်။

ရှင်သန်လွတ်မြောက်သူများနှင့် ၎င်းတို့မိသားစုများအတွက် တရားမျှတမှု၊ အဓိပ္ပါယ်ပြည့်ဝသော လျော်ကြေးများ ပံ့ပိုးကူညီဆောင်ရွက်ရန် တနည်းအားဖြင့် အကြမ်းဖက်စစ်တပ်ကို စွဲချက်တင်နိုင်သည့် အထူးခုံရုံးတစ်ခု ဖွဲ့စည်းနိုင်ခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ကူညီပေးနိုင်ပေသည်။ အဖွဲ့ဝင်နိုင်ငံများမှလည်း မြန်မာနိုင်ငံရေးအတွက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား၏ လုပ်ငန်းဆောင်တာများကို အပြည့်အဝကူညီပံ့ပိုးသင့်ပါသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ မကြာသေးမီကတင်သွင်းခဲ့သည့် အစီရင်ခံစာအရ အကြမ်းဖက်စစ်တပ်သည် ရေရှည်ရပ်တည်ရန် လက်နက်၊ ငွေကြေးနှင့် နိုင်ငံတကာတရားဝင်မှုစသည့် အချက် (၃) ချက် လိုအပ်ပါသည်။ ထိုသို့သော လက်နက်ကိရိယာများသည် မြန်မာနိုင်ငံတွင်း အမျိုးသမီးများပေါ် အကြမ်းဖက်မှု ကျူးလွန်ရန် အသုံးပြုသော လက်နက်ကိရိယာများဖြစ်သည်ကိုလည်း အမျိုးသမီးအဖွဲ့အစည်းများ ကောင်းမွန်စွာ သိရှိနားလည်ထားပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် မြန်မာစစ်တပ်အတွက် လက်နက်ခဲယမ်း လေယာဉ်လောင်စာဆီများရောင်းချခြင်း ဝယ်ယူပို့ဆောင်ခြင်းကို တားမြစ်ပိတ်ဆို့မှု ပြုလုပ်သင့်ပါသည်။ အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပါအဝင် စစ်တပ်နှင့် ၎င်းကိုထောက်ခံအားပေးအဖွဲ့များ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကြောင့် ငွေကြေးအထောက်အပံ့များ ဖြတ်တောက်ရန်နှင့် စီးပွားရေးပိတ်ဆို့အရေးမူများ ပစ်မှတ်ထား ပြုလုပ်ဆောင်ရွက်ရန်ကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းအား တိုက်တွန်းလိုက်ပါသည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်အနေဖြင့် ၎င်းတို့၏အုပ်ချုပ်ရေးအာဏာ တရားဝင်စေရန်ပြုလုပ်မည့် အတုအယောင်ရွေးကောက်ပွဲကို ငြင်းပယ်ရန်ကိုပါ တိုက်တွန်းလိုက်ပါသည်။ အကြမ်းဖက်စစ်တပ် ကျင်းပပြုလုပ်သွားမည့် မည်သည့်ရွေးကောက်ပွဲမဆို လွတ်လပ်ပြီး တရားမျှတမှုကင်းမဲ့မည်သာမက အနာဂတ်အတွက် ဒီမိုကရေစီအခြေခံအုတ်မြစ်ချပေးနိုင်မည်မဟုတ်ပေ။

နောက်ဆုံးအနေဖြင့် လုံခြုံရေးကော်စီအဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံတွင်း လိင်ပိုင်ဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများအပါအဝင် မည်သည့်အကြမ်းဖက်မှုများမဆို ချက်ခြင်းရပ်တန့်ရန် ဆုံးဖြတ်ချက်တရပ်ဖြစ်သော ၂၆၆၉ (၂၀၂၂) ၏ တိုက်တွန်းမှုအရ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ အဖွင့်ဆွေးနွေးပွဲအစီအစဉ်တစ်ခု ထည့်သွင်းပြီး အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်နိုင်မည့် ဆွေးနွေးပွဲ ပြုလုပ်ပေးရန်ကိုလည်း တိုက်တွန်းအပ်ပါသည်။

လက်ရှိအနေဖြင့် မြန်မာနိုင်ငံတွင် လူ ၃ ဦးလျှင် ၁ ဦးသည် စားနတ်ရိက္ခာ မလုံမလောက်ဖြစ်နေရခြင်းကြောင့် လူသား ချင်းစာနာထောက်ထားမှု အကူအညီများလိုအပ်နေပါသည်။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံ ရမှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် အသက်ကယ်ရန်အမျှ အရေးတကြီးလိုအပ်နေသည့် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများအပါအဝင် အခြားသောကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်း၊ ကန့်သတ်ခံထားရခြင်းတို့ကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေပါသည်။ ဒေသခံတိုင်းရင်း သား အမျိုးသမီးအဖွဲ့အစည်းများသည် ပဋိပက္ခဘေးဒဏ်သင့် ပြည်သူလူထုများကို လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်သည့်နေရာတွင် အရေးပါကြပါသည်။ ၎င်းတို့၏ အတွေ့အကြုံ ကျွမ်းကျင်မှုနှင့် ပြည်သူလူထု၏ ယုံကြည်မှုများ ရရှိကြသော်လည်း ဤသို့လုပ်ငန်းဆောင်ရွက်များ ဆက်လက်လုပ်ဆောင်နိုင်ရန် နိုင်ငံတကာအသိုင်း အဝိုင်းက နိုင်ငံရေးထောက်ခံအားပေးမှုနှင့် အရင်းအမြစ်များထောက်ပံ့ပေးမှုကို လိုအပ်နေကြပါသည်။

ဤအချိန်သည် မြန်မာနိုင်ငံအတွက် အခရာကျသည့် အချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ချုပ် ငြိမ်းရေး၊ တရားမျှတမှုသေချာစေရေး၊ မတူကွဲပြားမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းကို လက်ခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ပြည်သူလူထုများ၊ လူမျိုး၊ ဘာသာ၊ ဂျန်ဒါကွဲပြားမှု များအကြား ဘုံတော်လှန်ရေးတစ်ခုတွင်း ပထမဆုံးအကြိမ် စည်းလုံးညီညွတ်စွာ တော်လှန်ခဲ့ကြပါသည်။ ယခု ကျွန်မ တို့သည် အသင်တို့၏ ပံ့ပိုးကူညီမှုကို လိုအပ်ပါသည်။

ဂုဏ်သရေရှိလူကြီးမင်းများရှင့် - ကျွန်မရဲ့ ထုတ်ပြန်ကြေညာချက်၏ ရိုးရှင်းတဲ့အချက်တစ်ချက်ကို ထပ်လောင်းတင်ပြ ရင်း နိဂုံးချုပ်ချင်ပါသည်။ မြန်မာနိုင်ငံသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နိုင်ငံရေးအကြမ်းဖက်မှုကို အသုံး ပြုပြီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ သတင်းသမားများ နှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးများကို ခြိမ်းခြောက်ရန်၊ အပြစ်ပေးရန်နှင့် နှုတ်ပိတ်ရန် လုပ်ဆောင်နေ သည့် ဥပမာဆိုးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဤနည်းဗျူဟာများကို ဆူဒန်၊ အာဖဂန်နစ္စတန်၊ ယန်မာန်၊ ဆီးရီးယား၊ လစ်ဗျား၊ ကိုလံဘီယာနဲ့ အခြားပဋိပက္ခများ၊ အရေးအခင်းများတွင် အမျိုးသမီးများနှင့် မိန်းမငယ်များအပေါ် အသုံးပြု ခဲ့ကြသည့် နည်းဗျူဟာတွေပင် ဖြစ်ပါသည်။

အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်၏ ၂၃ နှစ်တာနီးပါး ထပ်ခါထပ်ခါ ပြောကြားခဲ့သည်ကိုကြည့်ပါက လည်းကောင်း၊ လုံခြုံရေးကောင်စီကိုယ်၌သည်ပင် အကြိမ်ကြိမ်အဖန်ဖန် မီးမောင်းထိုးပြခဲ့သည်ကို ကြည့်ပါကလည်း ကောင်း၊ ၂၀၂၂ ဇန်နဝါရီတွင် ပြုလုပ်ခဲ့သည့် အမျိုးသမီးပါဝင်ရေးကို အကာအကွယ်ပေးရန် ဆွေးနွေးပွဲခဲ့သည်ကို ကြည့်ပါကလည်းကောင်း၊ လုံခြုံရေးကောင်စီအပါအဝင် နိုင်ငံရေးပါဝင်လှုပ်ရှားမှုများ၊ လူ့အခွင့်အရေးလုပ်ငန်းဆောင်

တာများ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုများ သို့မဟုတ် ကုလသမဂ္ဂ၏ ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀) ၏အခြေခံအချက်ဖြစ်သည့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအရ ပြည့်ဝသောတန်းတူညီမျှမှုနှင့် အဓိပ္ပါယ်ရှိသည့်ပါဝင်မှုကိုကြည့်မည်ဆိုပါကလည်းကောင်း ယခုဖြစ်ပွားနေသမျှသည် အခြေခံအားဖြင့် ပျက်ပြားနေစေပါသည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်း ခေါင်းဆောင်များအပေါ် မည်ကဲ့သို့သောအကြမ်းဖက်မှုများ၊ တိုက်ခိုက်မှု၊ ရန်တုံ့မှုမျိုးများကိုမဆို ရပ်တန့်ရန်နှင့် လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်းသည် မြန်မာပြည်တွင်းသာမက ပဋိပက္ခဖြစ်ပွားရာ နေရာများအားလုံးရှိ အမျိုးသမီးများ၏ လူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေးအတွက် လေးနက်သောလုပ်ရပ်များနှင့် ဖော်ပြဆောင်ရွက်ပေးဖို့ ယနေ့ တိုက်တွန်းလိုက်ပါသည်။

ကျေးဇူးတင်ပါတယ်ရှင့်။